# ကျန်းမာရေးလုပ်သားများသည်

# ပစ်မှတ်များမဟုတ်

## ၄၁၅+

**ကျန်းမာရေးလုပ်သားများနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အဦးများအား တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း**

**၂၈၆ +**
ဖမ်းဆီးခံရ (သို့မဟုတ်) ထိန်းသိမ်းခံရသည့် ကျန်းမာရေးလုပ်သားများ

**၁၂၈ +**
ကျန်းမာရေးဆိုင်ရာ အဆောက်အဦးများ တိုက်ခိုက်ခံရခြင်း

**၃၀ +**
ကျန်းမာရေးလုပ်သားများ သတ်ဖြတ်ခံရမှု

အပြစ်မဲ့သူများအကြား ဆရာဝန်၊ သူနာပြုနှင့် ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူများသည် စစ်အာဏာရှင်တို့၏ ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်။ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံတဝှန်း အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားသူများ (CDM) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) များအား ထောက်ခံပံ့ပိုးနေသည့် ဆရာဝန်များနှင့် ဆေးမှူးများအား ထိခိုက် ဒဏ်ရာရစေသည်။
၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၈ ရက်နေ့အထိ ဖြစ်ရပ် ၈ ခုကို မှတ်တမ်းတင်ထားသည်။

**၆၀၀ +** ကျန်းမာရေးဝန်ထမ်းများသည် စစ်အာဏာရှင်တို့ ဖမ်းဝရမ်းထုတ်ထား၍ တိမ်းရှောင်နေရသည်။

# “ကျမတို့ရဲ့ အခြေခံအခွင့်အရေး အများအပြား ဆုံးရှုံးနေတယ်”

အမျိုးသမီးဆရာဝန် ဒေါက်တာခြူး* နှင့် တွေ့ဆုံမေး မြန်းမှုမှ

စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြသူများ နှင့် PDFs တပ်ဖွဲ့များအား ဆေးဝါးကုသပေး သည့် ဆရာဝန်နှင့် ဆေးမှူးများအား စစ်အာ ဏာရှင်များမှ ခြိမ်းခြောက်၊ ပစ်မှတ်ထား တိုက်ခိုက်၍ သတ်ဖြတ်လျှက်ရှိသည်။



မြန်မာနိုင်ငံတဝှန်းတွင် ဆေးမှူးများသည် ၎င်းတို့၏ လုံခြုံရေးအတွက် ကြီးမားသည့် အန္တရာယ်နှင့် ကြုံကြိုက်နေ ရချိန်တွင် တိမ်းရှောင်နေကြရပြီး ကုသမှုလိုအပ်သူများ ကို တိတ်တဆိတ် ကုသပေးနေရသည်။

မသင်ဇာဟိန်းသည် နွေဦးတော်လှန်ရေးတွင် ပါဝင်သည့် သူနာပြုဆရာမလေးဖြစ်သည်။ ၂၀၂၂ ခုနှစ် မတ်လတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ဆန္ဒပြပွဲတွင် ဒဏ်ရာရသူများအား ကုသပေးနေစဉ် စစ်အာဏာရှင်တပ်များက သူမအား ပစ်သတ်ခဲ့သည်။

**စစ်အာဏာရှင်တို့က ဆေးဝါးနှင့် ကုသရေးဆိုင်ရာ ကရိယာများကို တင်းတင်းကြပ်ကြပ် ထိန်းချုပ် ထားသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ခံထားရသည့် ထိခိုက်နစ် နာလွယ်သူများအား လုံလောက်စွာ ပြုစုကုသပေးနိုင်ရန် အကန့်အသတ်ဖြစ်စေသည်။**

# ကျန်းမာရေးလုပ်သားများသည် ပစ်မှတ်များမဟုတ်



## နိဒါန်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေမှာ ပို၍မတည်မငြိမ်ဖြစ်လျှက်ရှိသည်။ သိန်းနှင့်ချီသည့် ပြည်သူလူထုမှာ မဖြစ်မနေ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဒဏ်ရာရ ပြည်သူများ၊ ဆန္ဒပြသူများနှင့် PDFs တပ်သားများအား ကြိုးစား ကုသပေးနေသူများမှာ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများဖြစ်သည်။ ထို့ကြောင့် လက်နက်အားကိုးဖြင့် ဆေးရုံ၊ ဆေးခန်းများအား ဖျက်ဆီး၍ဆေးဝါးများ မတရားသိမ်းဆည်းနေသည့် မြန်မာစစ်အာဏာရှင်တပ် များ၏ ပစ်မှတ်ထားခြင်းခံနေရသည်။ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ထိုသို့လုပ်ဆောင်မှုကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ပို၍ဖြစ်ပေါ်စေသည်။

CDM တွင် ပူးပေါင်းပါဝင်သည့် ဆရာဝန်နှင့် သူနာပြုများသည် တိမ်းရှောင်နေကြရသည်။ ဖမ်းဝရမ်းများ အထုတ်ခံထားကြရသော်လည်း ဆရာဝန်နှင့် သူနာပြုများက တိတ်တဆိတ် ကုသ၍ ကျန်းမာရေး စောင့်ရှောက်ပေးကြသည်။ ၎င်းတို့၏ စိတ်ဓာတ်နှင့် ဆန္ဒကို စစ်အာဏာရှင်များမှ ရိုက်ချိုး၍ မရပေ။ အာဏာကို ငန်းငန်းတက် လိုချင်၍ မြန်မာစစ်တပ်မှ ရက်ရက်စက်စက် ဆင်နွဲနေသည့် စစ်ပွဲသည် ထိန်းချုပ် ပြုပြင်၍ မရလောက်အောင် မတည်မငြိမ်ဖြစ်ပေါ်စေသည်။ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍသည် ဖျက်ဆီးခံရသည့် ကဏ္ဍများထဲမှ တခုဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုသည် နိုင်ငံတဝှန်း ပဋိပက္ခများကြောင့် အကြီးအကျယ်ထိခိုက်ကသောင်းကနင်း ဖြစ်နေပြီး အနိမ့်ဆုံးအဆင့်ဝင်ငွေဖြင့် အသက်ရှင်သန်ရန် ရုန်းကန်နေရသည့် အရပ်သားပြည်သူများ လက်လှမ်းမမီနိုင်သည့် အခြေအနေတွင် ရှိနေသည်။

ကမ္ဘာ့ကျန်းမာရေးနေ့တွင် မြန်မာစစ်တပ်မှ စစ်သားများက ကျန်းမာရေးလုပ်သားများအပေါ် မတရားမှုများကျူးလွန်နေသည်ကို မိမိတို့ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND–Burma) မှ သိရှိနားလည်သဘောပေါက်ပါသည်။ ယခုလို မတရား တိုက်ခိုက်နေမှုများကို ပြစ်တင်ရှုံ့ချပြီး ကျန်းမာရေးလုပ်သားများအား အလျင်အမြန် အကာအကွယ်ပေးရန်နှင့် ဖမ်းဆီးထိန်းသိမ်း ခံထားရသူများအားလည်း အမှုများမှ ရုပ်သိမ်း၍ အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုပါသည်။

## နည်းလမ်း

မြန်မာနိုင်ငံတွင် ကျန်းမာရေးလုပ်သားများ ကြုံတွေ့နေရသည့် အခက်အခဲ စိန်ခေါ်မှုများကို ရုပ်ပုံများ အသုံးပြု ထားသည့် အစီရင်ခံစာ အကျဉ်းချုပ်ကို ND–Burma မှ ပြုစုထားသည်။ တွေ့ရှိချက်များမှာ သတင်းအချက်အလက်များကို သုတေသနပြုခြင်းနှင့် မိမိတို့အဖွဲ့အစည်း ကိုယ်တိုင် တွေ့ဆုံမေးမြန်းမှုများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

အစီရင်ခံစာပါ အကြောင်းအရာဖြစ်ရပ်နှင့် အချက်အလက်များမှာ အန္တရာယ်များကြားမှ နွေဦးတော်လှန်ရေးတွင် ပါဝင်ကြသည့် ဆရာဝန်နှင့် သူနာပြုများ မြေပြင်တွင် ဆိုးဆိုးရွားရွား လက်တွေ့ကြုံနေရသည့် အဖြစ်မှန်များကို ဖျတ်ကနဲကြည့်ရှုမှုသာ မှတ်တမ်းတင်နိုင်သမျှ တင်ထားခြင်းဖြစ်သည်။

# ဖြစ်ရပ်မှန်များ



## ဒေါက်တာခြူး*

ကျမ CDM ဝင်လုပ်ရတာကတော့ လူထုရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေဆီကနေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ မတရားအာဏာလုယူထားတဲ့ သူတွေ လက်အောက် အမှုမထမ်းချင်လို့ပါ။

စစ်အာဏာရှင်တွေလက်ထက်မှာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေနောက် ပြန်လှည့်သွားပါတယ်။ ဆေး ကုသခံရရင် မသေသင့်တဲ့ လူနာတွေအများကြီးပါပဲ။ သာမန်ပြည်သူတွေအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလှမ်းဝေးသွားတယ်။ ဆေးရုံ၊ ဆေးခန်းသွားဖို့ အထူးသဖြင့် ညဘက်တွေ အရေးပေါ်ဖြစ်လာရင် သွားဖို့အခက် အခဲတွေရှိလာတယ်။ ဆေးဝါးပြတ်လတ်တာကြောင့် HIV နဲ့ တီဘီ (အဆုတ် နာရောဂါ) လူနာတွေအပေါ် အကြီး အကျယ် ထိခိုက်မှုရှိလာတယ်။ အရင်က အခမဲ့ရနေတဲ့ ဆေးဝါးတွေအတွက် အခုအခါမှာ ဈေးကြီးကြီးပေးဝယ် နေရတယ်။

ကျမတို့ အခြေခံအခွင့်အရေး အများအပြား ဆုံးရှုံးခံနေရတယ်။ တကယ်လို့ အပြင်သွားရင် စစ်သားတွေက ကျမတို့ ဖုန်းတွေကို သိမ်းတာ စစ်တာတွေလုပ်တယ်။ ဘဏ်အကောင့်တွေလည်း အကြောင်းပြချက်မရှိဘဲ အပိတ်ခံရတယ်။ CDM လုပ်တဲ့ ဆရာဝန်တွေဆို ပစ်မှတ်ထားခံနေရတယ်။ လူနာတွေကို ကုသခွင့်မရှိတော့အ တွက် တိတ်တဆိတ်နဲ့ ပုန်းရှောင် ကုသပေးနေရတယ်။ ဆရာဝန်နဲ့ ဆေးကျောင်းသား အတော်များများ ၅၀၅ နဲ့ ဖမ်းဝရမ်း ထုတ်ခံနေရတယ်။

စစ်ပြေးဒုက္ခသည်တွေ ခိုလှုံနေတဲ့နေရာတွေမှာ CDM ဆရာဝန်နဲ့ ကျန်းမာရေး လုပ်သားတွေကပဲ ကုသပေးနေရတယ်။ စစ်အာဏာရှင်တွေ လက်အောက်မှာတော့ ကျန်းမာရေးစနစ်က ကောင်းလာဖို့မရှိဘူး။ သူတို့ကို အမြန်ဆုံး ဖြုတ်ချမှ ရမယ်။



# ဖြစ်ရပ်မှန်များ



## ခရစ်စတင်းဖော*

ကျမ လွိုင်ကော်က ကုတင် ၅၀၀ ဆေးရုံကြီးမှာ သူနာပြုလုပ်ခဲ့ပါတယ်။ စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် ကျမ အလုပ်ကထွက်ပြီး ဂရုဏာဆေးခန်းမှာ စေတနာ့ ဝန်ထမ်း လုပ်ပေးခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁ရက် အာဏာသိမ်းပြီးတဲ့နောက် ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေး ဝန်ထမ်းတော်တော်များများ CDM ဝင်ကြတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ပြင်ပဆေးခန်းတွေကို ပိုအားထားလာရတယ်။ ဂရုဏာ ဆေးခန်းကို ယုံကြည်ကြပြီး အားထားကြတယ်။ ၂၀၂၁ ခုနှစ် နိုင်ဝင်ဘာ ၂၂ ရက်နေ့မှာ စစ်တပ်က ဂရုဏာ ဆေးခန်းကို ဝင်စီးတော့ ကျမက အိမ်မှာရှိနေတယ်။

စစ်တပ်က ဝင်မစီးမီ သူတို့က ဆေးခန်းအခြေအနေ ပတ်ဝန်းကျင်ကို စုံစမ်းထောက်လှမ်းကြတယ်။ ဆေးခန်းကိုလည်း လူနာယောင်ဆောင်ပြီး လာကြတယ်။ သူတို့ဝင်စီးတဲ့နေ့က ဆေးခန်းဝင်းကို သော့ခတ်လိုက်ကြတယ်။ လူ နာတွေကိုလည်း အတင်းပဲ လွိုင်ကော်ဆေးရုံကို ရွှေ့ပြောင်းလိုက်ကြတယ်။ ဆရာဝန်၊ သူနာပြုနဲ့ ဝန်ထမ်းတွေကို ၂ ရက်လောက် ဖမ်းထားပြီး ဘုရားကျောင်းက ဘုန်းတော်ကြီးတွေ ညှိပေးလို့ ပြန်လွတ်လာကြတယ်။ ကျမ သိသ လောက်ကတော့ တယောက်ကို ကျပ် ၁၀ သိန်း (အမေရိကန်ဒေါ်လာ ၅၆၂ ခန့်) ပေးမှ လွှတ်ပေးတယ်ပြောတယ်။

စစ်တပ်ကပြောတာတော့ ဆေးခန်းထဲ နေတဲ့သူတွေကို မဖမ်းဘူး၊ အပြင်မှာနေတဲ့ ဝန်ထမ်းတွေအတွက်တော့ တာဝန်မယူဘူးပြောတယ်။ စစ်တပ်က ကျန်းမာရေး ဝန်ထမ်းတွေကိုလည်း ခြိမ်းခြောက်နေတယ်။ စစ်တပ်က ကျန်းမာရေးဝန်ထမ်းတွေကို အလုပ်ပြန်လုပ်စေချင်ကြတယ်။ တချို့ခွဲစိတ်ကု ဆရာဝန်တွေဆို CDM မှာ ပါလို့ ဆိုပြီး ကျပ် ၂၅ သိန်း (အမေရိကန်ဒေါ်လာ ၁၄၀၆ ခန့်) ပေးရတယ် အဲဒါမှ သူတို့ ထုတ်ထားတဲ့ အမည်မဲစာရင်း ကလည်း ဖျက်ပေးတယ်။

မြန်မာပြည်မှာတော့ ကျန်းမာရေးဝန်ထမ်းတွေ အမြဲအဖိနှိပ်ခံနေရတာပါပဲ။ သင့်တော်တဲ့ လုပ်ခလစာလည်း မရပါဘူး။ ကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု စနစ်အတွက် ကောင်းမွန်တဲ့ လုပ်ငန်းခွင်လိုပါတယ်။ စစ်တပ် အုပ်ချုပ်နေသမျှတော့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြုပြင်ပြောင်းလဲဖို့က မဖြစ်နိုင်ပါဘူး။



# ဖြစ်ရပ်မှန်များ



## ဒေါက်တာဝင်းဦး*

ကျနော်က ဘွဲ့လွန်တက်နေတဲ့ ဆေးကျောင်းသားဖြစ်ပြီး CDM ဝင်ခဲ့ပါတယ်။ စစ်တပ်က အာဏာသိမ်းပြီး ၂ ရက်အကြာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့မှာ ဆေးရုံကနေ ကျနော်တာဝန်ထမ်းဆောင်တာတွေ ရပ်လိုက်ပါ တယ်။ စစ်တပ်က အာဏာကို ငမ်းငမ်းတက်လိုချင်ပြီး မတရားနည်းနဲ့ ရယူခဲ့တာပါ။ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲရလဒ်ကို လက်နက်အားကိုးနဲ့ တမင်ဖျက်စီးလိုက်တာပါ။ ဒီလို အာဏာရူးတွေလက်ထဲမှာ ကျနော် အမှုမထမ်းချင်လို့ CDM ဝင်ခဲ့တာပါ။

ကျနော် CDM ဝင်သလိုပဲ တခြားလူတွေလည်း လူ့အခွင့်အရေးဆိုတာ မရှိတဲ့ အမှောင်ခေတ်ထဲကို ပြန်မသွားချင် ပါဘူး။ လူထုအစိုးရ အာဏာပြန်ရတဲ့အထိ ကျနော် CDM လုပ်နေမှာပါ။

စစ်အာဏာရှင်တွေ လက်ထက်မှာ ပြည့်စုံဖူလုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရှိမှာမဟုတ်ပါဘူး။ သူတို့ရဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ကိုင်တွယ်ပုံကို ကြည့်ရင် သိနိုင်ပါတယ်။ သင့်တော်တဲ့ ကုသမှု မရတာရယ် အောက်စီဂျင် ပြတ်လတ်တာကြောင့် လူတွေ သေဆုံးကြရတယ်။ လူတွေ ဆေးရုံပေါက်ဝတွင် အသက်ဆုံးရှုံးရတာတွေရှိတယ်။ စစ်အာဏာသိမ်း ခေါင်းဆောင်တွေအနေနဲ့ အင်တာနက်ဖြတ်တောက်တာ၊ ဖုန်းတွေ ကြားဖြတ် နားထောင်တာနဲ့ ကုန်ဈေးနှုန်း မတရားတက်တာတွေအတွက် တာဝန်ရှိတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မတိုင်မီမှာ ကျန်းမာရေးစနစ်က အရွေ့တခုပေါ်ရောက်နေပြီ။ ပြီးပြည့်စုံတယ်ရယ် လို့ မဟုတ်ပေမယ့် လမ်းကြောင်းမှန်ပေါ်ရောက်နေပြီ။ အခုတော့ ကဏ္ဍအားလုံး စစ်တပ်က ဖျက်ဆီးလိုက်ပြီ။ စစ်အာဏာရှင်တွေ ပြုတ်ကျမှပဲ စနစ်က ပြန်ကောင်းလာဖို့ရှိပါတယ်။

> **စစ်အာဏာသိမ်းခေါင်းဆောင်တွေအနေနဲ့ အင်တာနက်ဖြတ်တောက်တာ၊ ဖုန်းတွေ ကြားဖြတ် နားထောင်တာနဲ့ ကုန်ဈေးနှုန်း မတရားတက်တာတွေအတွက် တာဝန်ရှိတယ်။**

# ဖြစ်ရပ်မှန်များ



## ဒေါက်တာသင်းသင်း*


**စစ်အာဏာရှင်တို့ ဖမ်းဆီးခြင်းခံနေရသည့် ဆရာဝန်နှစ်ဦး အကြောင်းကို ဒေါက်တာ သင်းသင်းမှ ပြန်ပြောပြ ခြင်းဖြစ်သည်။**

ကျမ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေထဲမှာ ၅၀၅ နဲ့ ဖမ်းဝရမ်း ထုတ်ခံထားရတဲ့ သူတွေရှိတယ်။ ထုတ်ပယ်စာ ရင်းတွေ ထွက်တာလဲ ဆေးရုံအလိုက် ထွက်ကြတာဆို တော့ စာရင်းပြုစုထားတာတော့ မရှိဘူး။ တစ်ချို့က CDM ပေမယ့် ခုထိ ထုတ်ပယ်မ ထွက်သေးတဲ့သူတွေလဲရှိတယ်။ ပြီးတော့ ဒီ PDF ကလေးတွေကို ဆေးလိုက်ကုပေး တာကို ဒလန်က ချွန်လိုက်လို့ အဖမ်းခံရတာလဲရှိတယ်။

### ဖြစ်ရပ် ၁

ကျမ သူငယ်ချင်း တယောက်ဆိုရင် CDM လုပ်လို့ ၅၀၅ တွေထွက်ကြတုန်းက အဖမ်း ခံရတယ်လေ TV ထဲပါတယ်။ သူ့ကို ဘာလို့ဖမ်းလဲဆို သူက ဆေးရုံက အောက်ခြေ ဝန်ထမ်း CDM တွေကို ကူညီဖို့ နီးစပ်ရာမှာ အလှူကောက်တယ်။ ပြန်မျှပေးတယ် လိုင်းပေါ်မှာ ပေါ်တင်ပဲ လုပ်မိတယ်ပေါ့။ သူကတော့ စစ်အာဏာရှင် ဖီဆန်ရေး လူထုလှုပ်ရှားမှု CDM မှာပါဝင်ခဲ့တဲ့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပြည်သူ့ဆေးရုံ ကြီးက ဒေါက်တာ မင်းထက်ပိုင်ပါ။

အဲ့ဒါနဲ့ ၅၀၅ ထွက်တော့ ရှောင်နေရတယ်။ ဒါပေမယ့် ကိစ္စရှိလို့ မြို့ပေါ်ခဏပြန်တက် လာတုန်း သူနဲ့အတူတူပါတဲ့ ဆရာဝန်ပါ အဖမ်းခံလိုက်ရတယ်။ အဲ့တယောက်ဆို ၅၀၅ လဲမပါဘူး CDM တော့ CDM ပဲ။ အစက သူတို့အကြောင်းတွေကို လူမှုကွန်ရက် စာမျက်နှာကနေ ဖြန့်ကြ၊ ဝိုင်းဝန်းကြ လုပ်ကြတယ် ဒါပေမယ့် သူ့မိသားစုက မလုပ် ဖို့အကြံပေးလို့ ကျမတို့ ဆက်မလုပ်တော့ဘူး။



## ဖြစ်ရပ် ၂

နောက်တစ်ယောက်က ဒေါက်တာဇော်ဇော်အောင်* အပြင်က အထွေထွေရောဂါကု ဆရာဝန်ပဲ၊ ဆေးခန်းဖွင့်ထားတယ်။ ဆန္ဒပြကြတော့ သူတို့က medical cover လို လိုက်ပေးတယ်။ နောက်ပိုင်းလဲ PDF ကလေးတွေ နေမကောင်းတာ၊ ဒဏ်ရာရတာ ဘာညာတွေဆို ရွာဘက်တွေထိ သွားသွားလုပ်ပေးတယ်။ အဲဒါတစ်ရက် ရွာဘက် ကနေ ဆိုင်ကယ်နဲ့ပြန်အလာ ဆိုင်ကယ်မှောက်တာပေါ့။ အိမ်တော့ပြန်ရောက်လာ တယ်၊ ပြီးကျ လာဖမ်းသွားတယ်။ ဒလန်သတင်းပေးတာလို့တော့ ပြောတာပဲ။

စစ်ကြောရေးလား ရဲစခန်းလားလဲမသိဘူးပေါ့ တစ်ပါတ်လောက်ကြာတယ် ဘာမှမ ထူး လက်ကလဲ ကျိုးလား အက်လားတစ်ခုခုပဲ အဲဒါကိုလဲ ဆေးမကုပေးလောက်ဘူး ဆိုပြီးသူ့မိန်းမက အရှူးမီးဝိုင်းပဲ။ ရဲတွေကို ပိုက်ဆံပေးရမယ်ဆိုလို့ အတန်းထဲက သူငယ်ချင်းတွေ စုပြီး ကောက်ပေးလိုက်မှ ရဲ့စခန်းမှာ ရှိမှန်းသိရတယ်။

အခုချိန်ထိလည်း ရဲစခန်းမှာပဲ။ အိမ်နဲ့လဲ မတွေ့ရဘူး။ ပစ္စည်းပို့ပေးချင်ရင် ပိုက်ဆံ လာဘ်ထိုးရတယ်။ မထိုးချင်ပေမယ့် မရဘူးပေါ့။ ကိုယ့်ယောက်ျားပဲ ထိခိုက်မှာ ဒဏ်ရာရထားတာလဲ ရှိသေးတာဆိုတော့။ သူ့ကိုလဲ ခုထိ အမှုမဖွင့်ဘူး အမှုမလုပ် ပေးဘူး။ အဲ့တိုင်း ဘလိုင်းကြီး ဆွဲစိထားတာပဲ။ ပြန်လဲ မလွှတ်ပေးဘူး။

အခုဆိုရင် CDM ဆရာဝန်တွေ အရမ်းအထိနာတယ်။ ဆေးခန်းလဲ ပေါ်တင်ဖွင့်မရ ဘူး။ NGO တွေ ဘာတွေမှာ လျှောက်တော့လဲ experience (အတွေ့အကြုံ) က မရှိ တော့ မရကြတာများတယ်။ ရတဲ့အဖွဲ့တွေရှိတယ်။ ထုတ်ပယ်စာပြမှ ရတာ။ ဂရုဏာ ဆေးခန်းက ကျန်းမာရေးဝန်ထမ်း တစ်ချို့ဆိုရင်လည်း ဝင်းစီးခံရပြီးတဲ့နောက် ပိုင်း အလုပ်ပြန်ဆင်းနေရတယ်။ ဖိအားပေးခံရတဲ့သဘောပေါ့။

***တွေ့ဆုံမေးမြန်း ဖြေကြားခဲ့သူများ မည်သူမည်ဝါမှန်း မသိစေရန် အမည်များကို ပြောင်းလဲ အသုံးပြုထားပါ သည်။**

**ND-Burma မှ တွေ့ဆုံမေးမြန်းခဲ့သူများ၏ သဘာတူညီချက်ဖြင့် ဖြစ်ရပ်မှန်များကို အသုံးပြုခြင်းဖြစ်ပါ သည်။**

# အောက်ခြေမှတ်စု


1. “Our Health Workers are Working in Fear”: Targeted Violence against Health Care One Year after Myanmar’s Military Coup, January 2022 Insecurity Insight Johns Hopkins Univ.Physicians for Human Rights, 26 January 2022

2. Ibid

3. Ibid

4. Ibid

4. Violence Against or Obstruction of Health Care in Myanmar, Insecurity Insight, 23 February – 8 March 2022

6. Myanmar Junta Demands Details About Mandalay Medics and Patients, The Irrawaddy, 21 March 2022

7. “Our Health Workers are Working in Fear”: Targeted Violence against Health Care One Year after Myanmar’s Military Coup, January 2022 Insecurity Insight Johns Hopkins Univ.Physicians for Human Rights, 26 January 2022